BURMESE

Mr. Diijon DaCosta Sr. ၊ ဘုတ်အဖွဲ့ ဥက္ကဌ
Mrs. Deirdre P. Pierce ၊ ဒုဥက္ကဌ
Mrs. Anna Hill
Mrs. Whitney McGinniss
Ms. Allyson Gevertz
Mrs. Vickie B. Turner
Dr. Joyce Morley

Dr. Devon Q. Horton ၊ ကြီးကြပ်သူဌာနမှူး

အောက်တိုဘာလ 13 ရက်၊ 2023

ခင်မင်ရပါသော DeKalb County ခရိုင်ကျောင်း မိသားစုများသို့

အရှေ့အလယ်ပိုင်းတွင် မကြာသေးခင်က ဖြစ်ပွားလျက်ရှိသော ဖြစ်စဉ်များကြောင့်ဟု ပြင်းထန်မြင့်တက်လာလျက်ရှိသည့် စိုးရိမ်ဖွယ် စိတ်ခံစားချက်များကြားကာလမှ ယနေ့တွင် သင့်ထံသို့ ကျွန်ုပ် စာရေးသားလိုက်ပါသည်။ ကျွန်ုပ်တို့အားလုံး ဤကြောက်မက်ဖွယ် ကြမ်းကြုတ်ရက်စက်မှုများ၏ သက်ရောက်မှုများဖြင့် လုံးထွေးခံစားရလျက်ရှိသည်နှင့်အညီ ဤစိန်ခေါ်မှုများရင်ဆိုင်ရလျက်ရှိသော ကာလအတွင်း လုံခြုံစိတ်ချရမှုကို ပြန်လည်ထောက်ပံ့ပေးနိုင်ရန်၊ နှင့် စည်းလုံးညီညွတ်မှု နှင့် သတိကြီးစွာစောင့်ကြည့်နေထိုင်မှုတို့၏ အရေးပါမှုကို အဓိကထား အာရုံပြုနိုင်စေရန်အတွက်ဟု ကျွန်ုပ်တို့ ကျောင်းခရိုင် မိသားစုဝင် တစ်ဦးတစ်ယောက်စီတိုင်းထံ လက်လှမ်းမီရောက်ရှိစေနိုင်ဖို့ ကျွန်ုပ် မျှော်လင့်မိပါသည်။

ကျွန်ုပ်တို့၏ ကျောင်းသားများ၊ ဝန်ထမ်းများ၊ မိသားစုများ နှင့် ရပ်ရွာအဖွဲ့အစည်းတို့၏ လုံခြုံအန္တရာယ်ကင်းရေး နှင့် ဖူလုံပြည့်စုံကျန်းမာရေးတို့သည် ဆက်လက်၍ DeKalb ကောင်တီ ကျောင်းခရိုင် (*DCSD*) ၏ စာသင်ကျောင်း၊ စင်တာ နှင့် ပိုင်ဆိုင်မှု တစ်ခုစီတိုင်းတွင် အဓိကအရေးအပါဆုံးအဖြစ် ဆက်လက် ကျန်ရှိနေမည် ဖြစ်သည်။ သို့ဖြစ်သောကြောင့်ဟု အဆိုပါသော ပြည်ပမှ ဝမ်းနည်းဖွယ်ရာ ဖြစ်စဉ်များနှင့်စပ်ဆက်ပြီး ကျွန်ုပ်တို့၏ စာသင်ကျောင်းများအတွင်း တစ်စုံတစ်ရာ ခြိမ်းခြောက်မှုများ သို့မဟုတ် အကြမ်းဖက်မှု အမူအကျင့်များ ယနေ့ထိတိုင် တိုင်ကြားအစီရင်ခံလာခြင်း မရှိသေးကြောင်း ကျွန်ုပ် ထပ်လောင်းပြောကြားလိုပါသည်။

မည်သို့ပင်ဖြစ်စေကာမူ ကျွန်ုပ်တို့သည် လုံခြုံရေးဆိုင်ရာ အပိုဆောင်း စီမံဆောင်ရွက်မှုများကို ကြိုတင်ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဖြစ်စဉ်များနှင့်စပ်ဆက်ပြီး ဖြစ်ပေါ်ကောင်း ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်ဖြစ်နိုင်ခြေရှိသော ခြိမ်းခြောက်မှုများ သို့မဟုတ် ရပ်ပိုင်းဆိုင်ရာ အငြင်းပွားရန်လိုမှုများ မှန်သမျှကို ဖော်ထုတ်၊ စုံစမ်းစစ်ဆေးရာ၌ အထူး သတိကြီးစွာထား၍ စီမံဆောင်ရွက်ကြရန် ကျွန်ုပ်တို့၏ DCSD ရဲအရာရှိများ၊ ကျောင်းပရဝုဏ်နယ်မြေ လုံခြုံရေးအစောင့်များ၊ စာသင်ကျောင်း စီမံအုပ်ချုပ်သူများ နှင့် ဝန်ထမ်းများတို့အား ညွှန်ကြားထားပြီး ဖြစ်ပါသည်။

သို့ပေသည့်တိုင် ဤသည်တို့သည် အားလုံးစုပေါင်းဆောင်ရွက်ရမည့် ကြိုးပမ်းအားထုတ်မှု ဖြစ်ရပေမည်။ တစ်သီးတစ်ခြားခွဲထုတ်စီမံခြင်းအားဖြင့် လုံခြုံရေးပိုင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ အောင်မြင်စွမ်းဆောင်နိုင်မည် မဟုတ်ပေ၊ သို့ဖြစ်သောကြောင့်ဟု လူငယ်ဖြစ်စေ လူကြီးဖြစ်စေ ရပ်ရွာအဖွဲ့အစည်း အဖွဲ့ဝင်များ အားလုံးအား ကျွန်ုပ်တို့၏ "*See Something, Say Something (တစ်စုံတစ်ခု မြင်တွေ့ ခဲ့လျှင် တစ်စုံတစ်ရာ ပြောဆိုပါ)*" ကန်ပိန်း၌ တက်ကြွစွာ ပါဝင်ကြရန် တိုက်တွန်းအပ်ပါသည်။ အကယ်၍ သင် သို့မဟုတ် ကျွန်ုပ်တို့၏ ကလေးသည် ကျွန်ုပ်တို့၏ စာသင်ကျောင်းအတွင်း သို့မဟုတ် စာသင်ကျောင်းအနီး၊ သို့မှမဟုတ် ကျွန်ုပ်တို့၏ ရပ်ကွက်များအတွင်း၌ပင် အန္တရာယ်မကင်းသော အခြေအနေတစ်ခုခုကို မျက်မြင်တွေ့ ရှိခဲ့လျှင် သို့မဟုတ် သံသယရှိခဲ့လျှင် ကျွန်ုပ်တို့၏ ဝန်ထမ်းများထံ ချက်ချင်း အသိပေးဖို့ သင့်အား တိုက်တွန်းအပ်ပါသည်။ ဤကြိုးပမ်းအားထုတ်မှုများအတွင်း သင်၏ ပါဝင်ဆောင်ရွက်မှုသည် အလုံစုံသော လုံခြုံရေးဆိုင်ရာ နည်းဗျူဟာပိုင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏ အောင်မြင်စွမ်းဆောင်နိုင်မှုအတွက် မရှိမဖြစ် အရေးပါပါသည်။

ကျွန်ုပ်တို့၏ စာသင်ကျောင်းများ နှင့် မိသားစုများအကြား ပွင့်လင်းမြင်သာသော ဆက်သွယ်ဆောင်ရွက်မှုများသည် အလွန်အရေးကြီးသည်ဟု ကျွန်ုပ်တို့ ဆက်လက် ယုံကြည်လျက်ရှိပါသည်။ သင့်တွင် မေးခွန်း သို့မဟုတ် စိုးရိမ်ပူပန်မှု တစ်စုံတစ်ရာ ရှိလျှင် သို့မဟုတ် နောက်ထပ်သော အချက်အလက်များ ပိုမိုရယူသိရှိလိုလျှင် သင်၏ စာသင်ကျောင်း စီမံအုပ်ချုပ်သူများထံ ဆက်သွယ်ရန် ကျေးဇူးပြုပြီး တွေဝေတုံ့ဆိုင်းခြင်း မရှိပါနှင့်။

ဤမသေချာမရေရာသော ကာလများအတွင်း ကျွန်ုပ်တို့၏ ကျောင်းသားများ၊ ဝန်ထမ်းများ၊ မိသားစုများ နှင့် ရပ်ရွာအဖွဲ့အစည်း လက်တွဲဖော်များတို့၏ လုံခြုံရေး နှင့် အန္တရာယ်ကင်းရေးအား အမြင့်မားဆုံး အဓိက ဦးစားပေးတစ်ရပ်အနေနှင့် ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက်ဟု ကျွန်ုပ်တို့ ဆက်လက်၍ အတူတကွ ပေါင်းစည်းရပ်တည်ကာ စိတ်ဆုံးဖြတ်ချက်ခိုင်မာစွာ ဆောင်ရွက်ကြပါစို့။ သင်၏ ဆက်လက် ပံ့ပိုးကူညီမှုနှင့် နားလည်မှုအတွက် ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့သည် အတူတကွ ပေါင်းစည်းဆောင်ရွက်ခြင်းအားဖြင့် ကျွန်ုပ်တို့၏ စာသင်ကျောင်းများသည် ပညာသင်ယူရန်၊ ဖွံ့ ဖြိုးကြီးထွားလာရန် နှင့် တိုးတက်မှုရှိရန် အန္တရာယ်ကင်းသော နိဗ္ဗာန်ဘုံတစ်ခုအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သေချာစေပေမည်။

စစ်မှန်စွာဖြင့်

Dr. Devon Q. Horton ၊ *ကြီးကြပ်သူဌာနမှူး*
DeKalb ကောင်တီ ခရိုင်ကျောင်းနယ်မြေ

Robert R. Freeman စီမံအုပ်ချုပ်မှု ကွန်းပလက်စ်
1701 Mountain Industrial Blvd. | Stone Mountain၊ GA 30083
678.676.1200 | www.dekalbschoolsga.org